ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊တပို့တွဲလပြည့်ကျော် ၂ရက်၊တနင်္ဂနွေနေ့၊(20-2-2011)(ဖြေ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တွင်းတူးစက် Hakuryu-5 ဖြင့် ရွှေစီမံကိန်း၏ ပထမအဆင့် ဖွံ့ဖြိုးရေးတွင်းဖြစ်သည့် မြ(မြောက်)ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ) စတင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရွှေစီမံကိန်း၏ ပထမအဆင့်ဖွံ့ဖြိုးရေးတွင်း စတင်တူးဖော်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်အရ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းသည် ၂၀၁၃ ခုနှစ်တွင် ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့များ စတင်ထုတ်လုပ်သွားမည်ဖြစ်ရာ ယခုအခါ စီမံကိန်း၏ Field Development လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ပြည်သောင် တံတား

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ (၂၅၇)စင်းမြောက် ပြည်သောင်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ (၂၅၇)စင်းမြောက် ပြည်သောင်တံတား ဖွင့်လှစ် ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်သောင်ကျေးရွာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ (၂၅၇) စင်းမြောက် ပြည်သောင်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူအင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြေမှန် The Mirror

၂၀-၂-၂၀၁၁
(တနင်္ဂနွေနေ့)

ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်

မျက်မှောက်အချိန်အခါတွင် ခေတ်မီဆက်သွယ်ရေးနည်းပညာများ တိုးတက်မြင့်မားလာနေသည်။ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွှယ်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်။ ပြည်ပယဉ်ကျေးမှု ဓလေ့စရိုက်များ အလျဉ်မပြတ် စိမ့်ဝင်ပျံ့နှံ့လာနေသည်။ အထူးသဖြင့် လူငယ်လူရွယ်များအကြား တေးဂီတ၊ အနုပညာ၊ အဆိုအက၊ ဝတ်စားဆင်ယင်မှုမှသည် အတွေးအခေါ် အယူအဆနှင့် လူနေမှုစရိုက်များအထိ လွှမ်းမိုးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ခေတ်နှင့်အညီ အသိအမြင် အတွေးအခေါ်ဗဟုသုတများ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။ သို့သော် ပြည်ပတေးဂီတ သီဆိုတင်ဆက်မှုအသွင်အပြင်၊ နေထိုင်ဆက်ဆံကျင့်သုံးမှုတို့ကို အထင်ကြီးပြီး ခေတ်မီဆန်းသစ်သည်ဟု ယူဆကာ တစ်သဝေမတိမ်း အတုယူပြောင်းလဲကျင့်သုံးလာခြင်းမျိုးကို ထိန်းသိမ်းကြရန် လိုအပ်လာမည်ဖြစ်သည်။

မြန်မာ့လူမှုပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမြင်မတင့်တယ်သည့် အဝတ်အစားများ၊ မလုံမခြုံဝတ်စားဆင်ယင်နေမှုများသည် မြန်မာ့ဓလေ့စရိုက်နှင့် မကိုက်ညီသဖြင့် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ အများပြည်သူသွားလာနေသည့် ပတ်ဝန်းကျင်၊ ယာဉ်များပေါ်တွင် ဟီရိဩတ္တပကင်းမဲ့သည့် နေထိုင်ဆက်ဆံပြုမူမှုများ မပြုလုပ်စေရေး ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်သင့်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးသည်။ မိမိတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့စရိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးလာမည်။ နိုင်ငံနှင့်လူမျိုးပါ တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်သည်ကို အစဉ်သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားတိုင်း အမျိုးကိုချစ်သည့်စိတ်ထား အမျိုးစောင့်တရားရင့်သန်ကြံ့ခိုင်ရန်လိုအပ်သည်။ အမျိုးကို ချစ်ခင်စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏ သိက္ခာ၊ အမျိုးသမီးတို့၏ အင်အား၊ အမျိုးသမီးတို့၏ တန်ဖိုးနှင့် ဆက်စပ်ယှက်နွှယ်မှုရှိသည်။ ပြည်ပလူနေမှု ဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို အတုယူမမှားကြရေး ဆင်ခြင်ကြရပေမည်။

ယနေ့ကာလတွင် စီးပွားရေးနှင့် ယဉ်ကျေးမှုတံခါးပေါက်များမှတစ်ဆင့် ပြည်ပယဉ်ကျေးမှု၊ တေးဂီတသီဆိုတင်ဆက်မှုများ ဝင်ရောက်လျက်ရှိရာ မျိုးဆက်သစ်လူငယ်လူရွယ်များ အပါအဝင် ပြည်သူများအားလုံးက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင်ပြုမူနေထိုင်သွားကြခြင်းဖြင့် မြန်မာ့မျိုးရိုးဇာတိဂုဏ်အင် ထာဝစဉ် မြင့်မားနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သန်လျင်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ အလှူငွေ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးလက်စာကြည့်တိုက်များအတွက် အလှူငွေ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီတွင် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှပိုမိုက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သန်လျင်မြို့နယ်အတွင်းရှိ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၁ သိန်းကို မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဦးစီးမှူး ဒေါ်လှပိုမိုထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များဖြစ်သော ဦးမိုးခိုင်ထွန်း-ဒေါ်မိုးသီတာထွန်း မိသားစုက ပလတ်စတစ်ထိုင်ခုံ ၁၀ လုံးနှင့် ရေဒီယို ၁၀ လုံး၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က မဂ္ဂဇင်းဂျာနယ် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကသုတ၊ ရသစာအုပ် ၅၀ စီ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့က ဂျာနယ်စာစောင် ၃၀၀ စီ၊ ဦးစန်းလွင်-ဒေါ်ခင်သီတာ မိသားစုက တိုင်ကပ်နာရီ ငါးလုံး၊ ဦးငွေအောင်-ဒေါ်စကားဝါ မိသားစုက ရေဒီယို ငါးလုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

သန်လျင်မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ အလှူရှင်များ၏ အလှူငွေ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်းမှုတန်ဖိုးမှာ စုစုပေါင်းငွေကျပ် ၁၄၀၆၉၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် အတွင်းရှိ ကျေးလက်စာကြည့်တိုက်များအတွက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၁ သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှပိုမိုထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

GTC နှင့် AGTI တက်ရောက်ပြီးသူများ တိုက်ရိုက်တက်ရောက်နိုင်သည့် AIT ၏ အင်ဂျင်နီယာဘွဲ့သင်တန်းများ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရတနာပုံနည်းပညာမြို့သစ်၌ MCC Group မှ MCC Training Institute (ရတနာပုံ)ကို တည်ထောင်ဖွင့်လှစ်ပြီးနောက် Yangon Campus နှင့် Mandalay Campus တို့ကို ဆက်လက်တိုးချဲ့ကာ နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက် ရှိသည်။ ယခုလက်ရှိတွင် MCC Training Institute (ရတနာပုံ)ရှိ School of Computing မှ ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ B.S.E သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ School of Business ကလည်း စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ B.B.A သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သည်။

နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ B.S.E သင်တန်းများကို ထိုင်းနိုင်ငံအခြေစိုက် Asian Institute of Technology (AIT)နှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။ AIT သည် ပုံမှန်အားဖြင့် ဘွဲ့လွန် မဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ခဲ့ရာ ယခုနှစ်မှ စတင်ပြီး ဘွဲ့ကြို (B.S.E) Engineer သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

MCC Training Institute (ရတနာပုံ)တွင် AIT မှ ချီးမြှင့်မည့် B.S.E (Telecommunications, Electronics, Civil and Infrastructure, Information and Communication Technology နှင့် Mechatronics) သင်တန်းများ၏ Foundation သင်တန်းကို ILBC နှင့် ပူးပေါင်းသင်ကြားပေးလျက်ရှိသည်။ Foundation သင်တန်းအောင်မြင်သူများသည် ပထမနှစ်နှင့် ဒုတိယနှစ်ကို MCC Training Institute ၌ တက်ရောက်ရမည်ဖြစ်ပြီး တတိယနှစ်နှင့် စတုတ္ထနှစ်များကို AIT (Main Campus)တွင် သင်ကြားရမည်ဖြစ်သည်။

MCC နှင့် AIT တို့ ပူးပေါင်းဖွင့်လှစ်သော Engineering သင်တန်းများ အောင်မြင်ပြီးလျှင် AIT မှ ဖွင့်လှစ်သော မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ယခုအခါ AGTI, GTC Diploma ရရှိပြီးသူများ၊ သချာၤ၊ ရူပဗေဒတို့ဖြင့် ဘွဲ့ရရှိပြီးသူများ၊ အဝေးသင်တက္ကသိုလ် ဒုတိယနှစ်အောင်မြင်ပြီးသူများအတွက် MCC Training Institute တွင် ဖွင့်လှစ်လျက်ရှိသော AIT ပထမနှစ်သင်တန်းကို တိုက်ရိုက်တက်ရောက်နိုင်ရန် Foundation ခြောက်လသင်တန်းကို MCC Training Institute (Yangon Campus) နှင့် (Mandalay Campus) တို့တွင် ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Yangon Campus (ရုံးချုပ်) အဆောင် (၃-၄) သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၆၂ နှင့် ၂၄၉၁၅၂၊ Mandalay Campus ဝါးခင်းကုန်း ဘုရားလမ်း၊ ၃၅ လမ်း၊ ၅၆×၅၇ ကြား၊ ကန်ကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၉၁၀၃၄၀၆၂၊ ၀၂-၇၇၉၃၀ နှင့် MCC Training Institute (ရတနာပုံ)၊ Incubation Center-No (3), ရတနာပုံ နည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂ နှင့် ၀၂-၇၈၁၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ဘီးလင်းမြို့၌ ဆင့်ပွားသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်တွင် ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ညွန့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးငွေဝင်းက စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မီးသတ်ဦးစီးဌာန၌ ယာဉ်/လမ်းစည်းကမ်း ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနရုံးချုပ်၌ ယာဉ်မောင်း သင်တန်းသား ၄၂ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် ဖေဖော်ဝါရီ ၄ ရက်က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရ ကျောင်းသားမောင်ထူးအောင်လွင်အား ကျောင်းအုပ်ဆရာကြီးဦးတင်ဦး ဆုချီးမြှင့်စဉ်။

(ပညာရေး)

❀ **ရွှေ့ဖုံးမှ**

ရွှေစီမံကိန်း၏ ပထမအဆင့် ဖွံ့ဖြိုးရေးတွင်းဖြစ်သည့် မြ(မြောက်) ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ) စတင်တူးဖော်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-3 ရှိ တွင်းတူးစက် Hakuryu-5 ၌ ကျင်းပရာ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ စွမ်းအင်စီမံရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ Daewoo E & P Myanmar မှ Senior Vice President Mr.Si-Bo-Joo နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသားပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တွင်းတူးစက် Hakuryu-5 ပေါ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ Daewoo E & P Myanmar မှ Senior Vice President Mr. Si-Bo Joo က မြ(မြောက်) ဖွံ့ဖြိုးရေးတွင်းများ တူးဖော်မည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဤရွှေစီမံကိန်းကို ချုပ်ဆိုထားသော Gas Sales Agreement စာချုပ်ပါ အချိန်သတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးရေးအတွက် ဖွံ့ဖြိုးရေးတွင်းတူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ တွင်းများတူးဖော်ရာတွင် ချွတ်ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် Techanically ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရာနှုန်းပြည့်သေချာအောင် ဆောင်ရွက်ရန်၊ ယခုပွင့်လင်းရာသီတွင် အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် မုန်တိုင်းအန္တရာယ် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် တွင်းတူးစက်ပေါ်၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား ဝန်ကြီးက သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက မြ(မြောက်) ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ)ကို စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Hakuryu-5 တွင်းတူးစက်ပေါ်၌ တွင်းတူးဖော်ဆောင်ရွက်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 နှင့် A-3 ရှိ ရွှေ၊ ရွှေဖြူနှင့် မြ ဘူမိအနေအထားတို့တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏ စုစုပေါင်း ၅ ဒသမ ၃၅၃ ထရီလီယံကုဗပေရှိပြီး ၂၀၁၃ ခုနှစ် နှစ်ဝက်ခန့်တွင် ရွှေစီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးမြောက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၈)ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၈)၌ ရှမ်းပြည်နယ်ဝန်ကြီးတစ်ဦးဖြစ်သူ ဦးဝင်းမြင့်နှင့်တွေ့ဆုံခြင်း၊ လွှတ်တော်အစည်းအဝေးမှတ်တမ်းနေ့ရက်များ၊ မြန်မာသင်္ဘောသားများကို ဆိုမာလီဓားပြလက်မှကယ်တင်ပုံ ရုပ်ရှင်ရိုက်မည်၊ အစ္စရေးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်၊ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထိုးနိုင်ပြီ၊ ငါးသိန်းဖုန်း ခေါ်ဆိုခ ဂျီအက်စ်အမ်အတိုင်း ကောက်တော့မည်၊ ရွှေနှင့် ဒေါ်လာဈေး ပြန်မြင့်လာ၊ သင်္ကြန်မှာ အမေရိကန်သွားမလား၊ မြို့ပတ်ရထား လှည်းတန်းတွင် ဘီးချော်၊ ခရီးသွား မယ်ရွေးပွဲ ကျင်းပမည်၊ လယ်ယာသုံးနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများကိုလည်း စက်သုံးဆီရောင်းပေးရတော့မည်၊ အစားအသောက်များတွင် စက်မှုသုံးဆိုးဆေးများ သုံးစွဲလာ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ခွင့်ကတ်ပြားများ ထုတ်ယူနိုင်ပြီ၊ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေရဲ့ RC လှုပ်ရှားမှုက မြစ်ချောင်း၊ အင်း၊ အိုင်ထဲအထိ ဖြစ်သွားနိုင်ပါတယ်၊ Japan Chemical Industries Association မှ RC Expert Mr. FUKUMA နှင့် တွေ့ဆုံခြင်း၊ ပြိုင်ဘက်မရှိတဲ့ဘဝမှာ ရှင်သန်နေရတာကို ကျေနပ်နေရင်တော့ သေချာတယ် ကျန်နေခဲ့မှာပဲ၊ အောင်မြင်မှုဟူသည်၊ တာဝန်ဝတ္တရားကိုအလေးထားပါ စသည့် ဖတ်စရာမှတ်စရာသတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အနာဂတ်အခွင့်အလမ်းကိုကာကွယ်ပါ' စီးပွားရေးပညာရှင် ပေါလ်ကော်လီယာနှင့်တွေ့ဆုံခြင်း၊ နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ မီရှဲအိုဘားမားကို ကာတွန်းဆရာကလှောင်၊ အမေရိကန်သံရုံး အရာရှိက ပါကစ္စတန်နိုင်ငံသားအား သေနတ်ဖြင့်ပစ်သတ်၊ တရုတ်တွင် ကွာရှင်းပြတ်စဲမှုနှုန်း မြင့်တက်၊ လင်ပါသားသမီးတွေကို နှိပ်စက်သည့်မိထွေး ထောင်ဆယ်နှစ်ကျခံရ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ အထ္ထုပ္ပတ္တိအား ရုပ်ရှင်ရိုက်မည်၊ အိပ်ပျော်နေစဉ် ယောင်၍လမ်းထလျှောက်ခြင်း၏ လျှို့ဝှက်ချက်၊ ကမ္ဘာ့အမြန်ဆုံးကား တည်ဆောက်မှုစတင်၊ အိုင်းရစ်မင်းသား လက်ထပ်တော့မည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်း(တောင်)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပညာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောက်ပန်းတောင်းမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးဖေတင်၊ ကျောက်ပန်းတောင်းမြို့နယ် ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် ရပ်မိရပ်ဖ ဦးကျော်မြင့်တို့က ကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ စိတ္တိန်း(တောင်)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူတို့၏ ကလေးငယ်များ ပညာရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အရှိန်ကောင်း တစ်ခုပင်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ကျောင်းဝန်းကျင် သာယာလှပစေရေးနှင့် ကျောင်းအဆောက်အအုံ ရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်ဝန်းကျင်ဒေသများ၌ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးဖေတင်က ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်း(တောင်)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စိတ္တိန်း(တောင်)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံများကို ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်း(တောင်) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

Best Battery Trading Co.,Ltd. မှ အဆင့်မြင့်ဘက်ထရီများ ပြခန်းတွင် ပါဝင်ပြသလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသော Automobile & Living Products Show 2011 ပြပွဲတွင် Best Battery Trading Co.,Ltd. မှ မော်တော်ကား၊ အင်ဗာတာ၊ ဆိုလာ၊ မီးစက်စသည့် ဘက်စုံသုံး 2 Volts ဘက်ထရီများပြခန်း ဖွင့်လှစ်ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

ATLAS, E-NEX, DUPEX နှင့် ABX-AGM အမည်ရှိ မိုးရေ၊ အက်စစ်ဖြည့်တင်းရန် လုံးဝမလိုသော အလုံပိတ် Sealed Maintenance Free ဘက်ထရီများကို တောင်ကိုရီးယားနိုင်ငံ၌ ထုတ်လုပ်ပြီး Best Battery Trading Co., Ltd. မှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ၂၀၁၁ ခုနှစ်မှပင် စတင်၍ တင်သွင်းရောင်းချခဲ့သည်။

အထက်ပါ ဘက်ထရီလေးမျိုး၏ Catalogue အသုံးပြုပုံ အညွှန်းစာအုပ်၊ ဈေးနှုန်းစာရင်း စသည်တို့ကို ပြပွဲလာပြည်သူများအား ဝေငှလျက်ရှိကြောင်း သိရသည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်သော အထူးဈေးနှုန်းများတွင် အချို့ဘက်ထရီများကို ၅ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျှော့ချထားကြောင်းနှင့် ယင်းဘက်ထရီများကို ရန်ကုန်မြို့တွင်း ဘက်ထရီဆိုင်အများအပြား၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

ကုမ္ပဏီ Show Room မှာ အမှတ်(၃၁၆) မဟာသုခိတာလမ်းမ အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၄၂၇၂၁ နှင့် ၆၄၆၃၆၃ တို့သို့ ပိတ်ရက်မရှိ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၌ ပထမရရှိသော ဗဟန်းမြို့နယ် အသင်းအား ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော် ဆုချီးမြှင့်စဉ်။

(၅၄၃)

နွေစပါးစုပေါင်းကောက်စိုက်ပွဲ သရက်မြို့နယ်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ထုံးတောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၇၃) အမှတ်(၁) ဘိလပ်မြေစက်ရုံပိုင်လယ်မြေ ခြောက်ဧက၌ ဆင်းနွှယ်ရင်မျိုးသန့် နွေစပါးစုပေါင်းကောက်စိုက်ပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ အမှတ်(၁) ဘိလပ်မြေစက်ရုံမှူး ဦးအောင်သိန်းမြင့်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၈)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ချစ်နှင်းဝေဝေ" (စိုးသူ၊မေသန်းနု၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-သက်မောင်မောင်)**
- ၂း၅၅ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၁၅ ၃။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၅။ "ဝါသီးက ရွှေသီးဖြစ်ပြီ"
- ၅း၂၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၈)**
- ၆း၄၀ ၁၀။ **တစ်မျက်နှာတစ်ကွက်စာ "အသန့်ကြိုက်" (ဇေယျ၊ ဂျူးဂျူးကေ) [ဒါရိုက်တာ-မေတင် (MMG)]**
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂၄)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၁)**
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၈)**
- ၁၇။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၁၈။ အစီအစဉ်ပြီး၏။

မိမိတို့နေအိမ်တွင် မီးသတိပြုပါ

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ဂျူးအခြေစိုက် အိမ်ရာများအရေး လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမေရိကန်ဗီတိုအာဏာသုံးပယ်ချ အမေရိကန်၏ဆုံးဖြတ်ချက်သည် သည်းညည်းခံလောက်ဖွယ်လုပ်ရပ်မဟုတ်ကြောင်း ဟားမားစ်ပြောကြား

ဂါဇာစီးတီး ဖေဖော်ဝါရီ ၁၉

အစ္စရေးအခြေစိုက် အိမ်ရာစီမံကိန်းများကို ရှုတ်ချမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာကို သုံးစွဲခဲ့ခြင်းသည် သည်းမခံနိုင်ဖွယ်လုပ်ရပ်ဖြစ်ကြောင်း ဟားမားစ်လှုပ်ရှားမှုအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းသည် နိုင်လိုမင်းထက် အပြုအမူတစ်ရပ်ဖြစ်ပြီး ပါလက်စတိုင်းဒေသများအတွက် သည်းညည်းခံနိုင်ဖွယ်ရာမရှိသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း ဟားမားစ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်များကြောင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့အနေဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာကို လက်ခံ၍ အစ္စရေးနှင့် ပါလက်စတိုင်းအကြား ဆွေးနွေးမှုပုံစံမျိုးစုံကို ရပ်ဆိုင်းရမည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်း၌ ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးပွဲ၌ အစ္စရေးအခြေစိုက် အိမ်ရာစီမံကိန်းများကို ရှုတ်ချမည့်ဆုံးဖြတ်ချက်အား အမေရိကန်နိုင်ငံက ဗီတိုအာဏာသုံး၍ ပယ်ဖျက်ခဲ့သည်။

အနောက်ဘက်ကမ်းဒေသနှင့် အရှေ့ဂျေရုဆလင်တို့၌ အကောင်အထည်ဖော်လျက်ရှိသော ဂျူးအခြေစိုက် အိမ်ရာတည်ဆောက်မှုစီမံကိန်းကို ရှုတ်ချမည့်ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး ကြိုးပမ်းမှုများကို စွန့်လွှတ်ရန် လုံခြုံရေးကောင်စီ အစည်းအဝေး မတိုင်မီကပင် အမေရိကန်နိုင်ငံက ပါလက်စတိုင်းကို ဖိအားပေးခဲ့သည်။ သို့ရာတွင် အောင်မြင်ခဲ့ခြင်းမရှိပေ။

ယင်းကဲ့သို့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ပယ်ဖျက်ရာတွင် သမ္မတ ဘာရက်အိုဘားမားအစိုးရအဖွဲ့က ပထမဆုံးအကြိမ်အဖြစ် ဗီတိုအာဏာသုံးစွဲခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

ဖေဖော်ဝါရီ ၁၈ ရက်ကကျင်းပသော လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး စူဆန်ရိုက်စ်ကိုတွေ့ရစဉ်။

ဘောလုံးပွဲကြည့်စင် ပြိုကျ၍ ပီရူး၌ ၁၁၇ ဦးဒဏ်ရာရ

လီမာ ဖေဖော်ဝါရီ ၁၉

ပီရူးနိုင်ငံ လီမာမြို့တော်ရှိ ဘောလုံးကွင်းတစ်ကွင်း၌ ဘောလုံးပွဲမစတင်မီ သတ္တုဖြင့်လုပ်ထားသည့် ပွဲကြည့်စင်ခုံတန်းများ သောကြာနေ့က ပြိုကျခဲ့သဖြင့် ပွဲကြည့်ပရိသတ် ၁၁၇ ဦး ဒဏ်ရာရရှိကြောင်း၊ ယင်းတို့အနက် တစ်ဒါဇင်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

လီမာမီးသတ်တပ်ဖွဲ့အကြီးအကဲ အဲလ်ဖွန်ဆိုပါနီဇိုက အာပီပီ ရေဒီယိုသို့ သတင်းပေးရာတွင် အများစုမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခဲ့ခြင်းမရှိသော်လည်း ၁၂ ဦး၏ ဒဏ်ရာမှာ စိုးရိမ်ရသဖြင့် ဆေးရုံတင်ထားရကြောင်း၊ သေဆုံးသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင် ၈၀ ကျော်သည် ထိုင်ခုံတန်းအပျက်အစီးများအကြားမှ လူအမြောက်အမြားကို ဆွဲထုတ်ခဲ့ရသည်။ ယင်းပွဲကြည့်စင်၌ ထိုင်နေသည့်ပရိသတ်အရေအတွက်မှာ ၅၀၀ ကျော်ရှိမည်ဟု မီးသတ်တပ်ဖွဲ့က ခန့်မှန်းသည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။ **အေပီ။**

ဦးခေါင်းအတွင်း လေးနှစ်ကြာ ဝင်ရောက်နေသောဓားကျိုး တရုတ်ခွဲစိတ်ကုဆရာဝန်များ အောင်မြင်စွာ ဖယ်ထုတ်

ပေကျင်း ဖေဖော်ဝါရီ ၁၉

လီဖူယန်အမည်ရှိ လူတစ်ဦး၏ ဦးခေါင်းထဲတွင် လေးနှစ်ကြာမျှဝင်ရောက်နေသော အသွားလေးလက်မရှိ ဓားကျိုးတစ်ချောင်းကို တရုတ်နိုင်ငံတောင်ပိုင်းရှိ ဆေးရုံတစ်ရုံမှ ခွဲစိတ်ကုဆရာဝန်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် အောင်မြင်စွာ ဖယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော လေးနှစ်ခန့်က ဓားပြတစ်ဦးသည် ၎င်း၏ ယာဘက်အောက်မေးရိုးကို ဓားဖြင့် ထိုးခဲ့ကြောင်း၊ ထိုသို့တိုက်ခိုက်ခံခဲ့ရာတွင် ဓားမှာကျိုး၍ ဦးခေါင်းအတွင်း ကျန်ရစ်ခဲ့သော်လည်း ၎င်းအနေဖြင့် သတိမပြုမိခဲ့ကြောင်း လီဖူယန်က ဆရာဝန်များကို ပြောကြားသည်။

ခံစားခဲ့ရ

ယင်းသို့ဖြစ်ပွားပြီးနောက် လီသည် ခေါင်းပြင်းပြင်းထန်ထန် ကိုက်ခဲခြင်း၊ အသက်ရှူရခက်ခဲခြင်းစသော ဝေဒနာများကို ခံစားခဲ့ရသည်ဟု ဆိုသည်။

တရုတ်ဆရာဝန်များသည် လီ၏ ဦးခေါင်းထဲ၌ နစ်ဝင်နေသော ဓားကျိုးကို အထစ်အငေါ့မရှိ ဖယ်ထုတ်နိုင်ရန် အထူးသတိပြု လုပ်ဆောင်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

တွေ့ရှိ

ဆရာဝန်များက လီ၏ ဦးခေါင်းကို ဓာတ်မှန်ရိုက်စစ်ဆေးခဲ့ရာ ဓားကျိုးသည် အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများကို ထိခိုက်ခြင်းမရှိဘဲ ဝင်ရောက်နေကြောင်း တွေ့ရှိခဲ့ရသည်။ **အေပီ။**



လီဖူယန်၏ ဦးခေါင်းအတွင်း ဝင်ရောက်နေသော ဓားကျိုးတည်နေရာကို ပြသည့် ဓာတ်မှန်နှင့် ခွဲစိတ်ထုတ်ယူထားသော ဓားကျိုး။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကားနှင့် ရထား မတော်တဆမှု တစ်ရက်တည်း နှစ်ကြိမ်ဖြစ်ပွား

ဒါကာ ဖေဖော်ဝါရီ ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စနေနေ့ တစ်ရက်တည်းမှာပင် အစောင့်မရှိသည့် ရထားလမ်းကူးများ၌ ခရီးသည်ဘတ်(စ်)ကားနှင့် ရထား တိုက်မိသည့်ဖြစ်ရပ် နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံး၍ ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းဌာနများက ဖော်ပြသည်။

ပထမဖြစ်စဉ်သည် ဒါကာမြို့တော်၏ အရှေ့ဘက် ၅၅ မိုင်အကွာရှိ ကိုမီလာခရိုင်တွင် ဖြစ်ပွားခဲ့ပြီး ဘတ်(စ်)ကား၏ အပျက်အစီးများကြားမှ သေဆုံးသူ ရှစ်ဦး၏ အလောင်းများကို ရဲတပ်ဖွဲ့က ထုတ်ယူခဲ့ရကြောင်း ယူအန်ဘီ ပြည်တွင်းသတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရသူ ၂၅ ဦးရှိသည့်အနက် စိုးရိမ်ရသူများကို ဆေးရုံတင်ပို့ထားကြောင်း သိရသည်။

ဒုတိယဖြစ်စဉ်မှာ ဒါကာမြို့၏ အနောက်ဘက် ၈၅ မိုင်အကွာရှိ ဂိုဘိုရီးမြို့တွင် ဖြစ်ပွားခဲ့ပြီး ငါးဦး သေဆုံး၍ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

နုတ်ထွက်

အဆိုပါ မတော်တဆမှု ဖြစ်ပွားပြီးနောက် ရထားလမ်းကူးအစောင့်မှာ အလုပ်မှ နုတ်ထွက်သွားခဲ့သည်ဟု ၎င်းရဲအရာရှိကပင် ပြောသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ အားလုံးမှာ ဘတ်(စ်)ကားမှ ခရီးသည်များ ဖြစ်ကြသည်။ **အေပီ။**

အမေရိကန်လေးဦးပါ ရွက်လှေ ဆိုမာလီပင်လယ်ဓားပြတို့ ပြန်ပေးဆွဲ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အိုမန်နိုင်ငံကမ်းလွန်ရေပြင်တွင် အမေရိကန်နိုင်ငံသား ခရီးသည်လေးဦးပါသော ရွက်လှေတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်က အခြေအနေကို စောင့်ကြည့်လေ့လာလျက်ရှိကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိုမန်နိုင်ငံ၏မြို့တော် မတ်စကက်နှင့် ဆိုမာလီနိုင်ငံ၏မြို့တော် မိုဂါဒစ်ရှူးတို့သည် မိုင်ပေါင်း ၁၇၀၀ ခန့် ဝေးကွာသည်။

သောကြာနေ့၌ အိုမန်ကမ်းခြေမှ ရေမိုင် ၂၄၀ အကွာတွင် အဆိုပါရွက်သင်္ဘောကို ပင်လယ်ဓားပြများ ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း ယင်းဒေသတွင်းဖြစ်ပျက်မှုများကို စောင့်ကြည့်လေ့လာနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့ အီကိုတားရားက ပြောကြားသည်။

အက်စ်ဝိုင်ကွက်စ် အမည်ရှိ ယင်းရွက်လှေကို ၂၀၀၄ ခုနှစ်မှစ၍ ကမ္ဘာပတ် ရွက်လွှင့်လျက်ရှိသော ဂျင်အေဒမ်နှင့် စကော့အေဒမ်တို့က ပိုင်ဆိုင်ကြောင်း အီကိုတားရားအဖွဲ့က သောကြာနေ့တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂျလာလာဘတ်မြို့ရှိ ကဘူးဘဏ်ခွဲ အကြမ်းဖက်တိုက်ခိုက်ခံရမှုကို တွေ့ရစဉ်။

နယ်စပ်စောင့်ရဲဟန်ဆောင်ထားသည့် လက်နက်ကိုင်များက အာဖဂန်အရှေ့ပိုင်းမြို့တော်ရှိ ဘဏ်တစ်ခုကို ပစ်ခတ်တိုက်ခိုက်

ဂျလာလာဘတ် ဖေဖော်ဝါရီ ၁၉

နယ်စပ်စောင့်ရဲများဟန်ဆောင်ထားသည့် သေနတ်သမားများက အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဂျလာလာဘတ်မြို့ရှိ ဘဏ်တစ်ခုကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူကိုးဦးသေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရသွားရသည့်ဖြစ်ရပ်တစ်ခု ယနေ့ဖြစ်ပွားခဲ့ကြောင်း အစိုးရတာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အာဖဂန်ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လစာများပေးချေခြင်းနှင့် ပုဂ္ဂလိကငွေချေးခြင်းလုပ်ငန်းများ လုပ်ဆောင်သည့် အာဖဂန်ထိပ်တန်းဘဏ်ဖြစ်သော ကဘူးဘဏ်၏ ဂျလာလာဘတ်ဘဏ်ခွဲမှ ပေါက်ကွဲသံများနှင့် လက်နက်ငယ်ပစ်ခတ်သံများကို ကြားရကြောင်း မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်ကို ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြသည်။

ဂျလာလာဘတ်မြို့တည်ရှိရာ နန်ဂါဟာပြည်နယ်၏ထိပ်တန်းကျန်းမာရေးအရာရှိတစ်ဦးဖြစ်သော ဘက်ဇ်မိုဟမ်မက် ရှားဇက်က လူကိုးဦးသေဆုံးသွားရခြင်းကို အတည်ပြုပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု အခြား သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ တိုက်ခိုက်မှုလုပ်ဆောင်ရာတွင် တာလီဘန်အသေခံဗုံးခွဲသမား သုံးဦးလည်း ပါဝင်သည်ဟု ဆိုသည်။

တိုက်ခိုက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို မသိရသေးသော်လည်း ပါကစ္စတန်နှင့်နယ်နိမိတ်ထိစပ်လျက်ရှိသည့် ပြည်နယ်များတွင် သောင်းကျန်းသူများက အစိုးရအဆောက်အအုံများနှင့် စစ်စခန်းများကို မကြာသေးမီနှစ်များအတွင်း ပိုမိုတိုးမြှင့်တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

❍ မိတ္ထီလာမှ

အခမ်းအနား အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တပ်နယ်မှူးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းလွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်တို့က ပြည်သောင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က ပြည်သောင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ တပ်နယ်မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သောင်တံတား အမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းအောက်ထည် သံကူကွန်ကရစ်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားလမ်း၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ လေးလက်မစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ပြည်သောင်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက်တံတား(၂၅၇)စင်းမြောက်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် (၁၅)စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်ကာ ပြည်သောင်တံတား ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ ပြည်သောင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အမက(၅) ရန်ကင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ဆုရရှိသူ မဝတ်ရည်မင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှ ဆုချီးမြှင့်စဉ်။

(၃၅)

လူငယ်ဘောလုံးဒိုင်လူကြီးသင်တန်းဖွင့်လှစ်မည်၊ ထူးချွန်သင်တန်းသားများအား ပြည်ပဒိုင်လူကြီးသင်တန်းများသို့ ဆက်လက်ရွေးချယ်စေလွှတ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် မျိုးဆက်သစ်လူငယ်ဒိုင်လူကြီးများ ပေါ်ထွန်းလာစေရေးကိုရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုနှစ် မတ်လအတွင်း လူငယ်ဘောလုံး ဒိုင်လူကြီးသင်တန်းကို ဖွင့်လှစ်သွားမည်ဟု သိရသည်။ ယင်းသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် အသက်(၂၀)မှ (၂၅)နှစ်အထိ ကျန်းမာသန်စွမ်း၍ အခြေခံပညာ အထက်တန်း အဆင့်ရှိရမည်ဖြစ်ကာ အင်္ဂလိပ်စာ အခြေခံလည်း နားလည်တတ်ကျွမ်းပြီး ဒိုင်လူကြီးလုပ်ငန်းကို အမှန်တကယ် စိတ်ဝင်စားသည့်သူ ဖြစ်ရမည်။

သင်တန်းတက်ရောက်ရန် စိတ်ဝင်စားသူများအနေဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်လုပ်ငန်းဌာန ဖုန်း-၀၁-၅၇၂၇၉၄သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ပြီး ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါ လူငယ်ဒိုင်လူကြီးသင်တန်းမှ ထူးချွန်သင်တန်းသားများအား အာရှဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်မည့် ပြည်ပ လူငယ်ဒိုင်လူကြီးသင်တန်းများသို့ ဆက်လက် ရွေးချယ်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်း (တစ်ဦးချင်း)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၁၁ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်း(တစ်ဦးချင်း)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်သည်။

အခမ်းအနားတွင် Future Engineering Group မှ ဒါရိုက်တာ ဦးသန်းတင်က မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်း (တစ်ဦးချင်း)ပြိုင်ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။ ယင်းနောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ၏ ပထမဆုံး ရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယခု ကျင်းပသည့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲသည် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်း၏ ပြိုင်ပွဲဝင် စည်းမျဉ်း/စည်းကမ်းများအတိုင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမက(၁၁) ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမှ မနှင်းအိအိဝင်းအား မြို့နယ်ပညာရေးမှူး ဦးမြင့်စိန် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC) အဆောက်အအုံ၌ကျင်းပရာ မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌဦးစန်းခိုင်လှက အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဦးတင်မောင်ဦးက ၂၀၀၉-၂၀၁၀ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် ဖိတ်ကြားထားသော (P & L) Club ဌာနေကိုယ်စားလှယ် ဒေါ်တင်ဥမ္မာထွန်းက Bill of lading နှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကာ အသင်းသား၊ အသင်းသူများက ဆွေးနွေးတင်ပြကြပြီး မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းအတွက် Myanmar Industrial Port က ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစန်းခိုင်လှက လက်ခံပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘက်စုံထူးချွန်ဆုချီးမြှင့်

တာမွေမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းတွင်း ဘက်စုံထူးချွန်(ပထမ)ဆုရ တတိယတန်းမှ မချောစုလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥဥဆွေ ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အနောက်ပိုင်းရပ်ကွက် ယွန်းကျောင်းလမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ရပ်မိရပ်ဖဦးသိန်းအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၆၆)

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

ပေါက်လဲပွင့်ဆဲ တပို့တွဲ ထမနဲပွဲ နွှဲရအောင်

ပန်းတောင်းသန်းကြွယ်

တပို့တွဲလမှာ မြန်မာလများ၏ ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းဥတု၏ နှောင်းပိုင်းကာလဖြစ်၍ ဆီးနှင်းများကျဆင်းလေ့ရှိပြီး ချမ်းအေးသည်။ နံနက် ၆ နာရီ မိနစ် ၂၀ တွင် နေထွက်ပြီး ညနေ ၅ နာရီ မိနစ် ၄၀ နာရီတွင် နေဝင်သည်။ နေ့တာတို၍ ညတာရှည်သည်။ ဗေဒင်အခေါ်အားဖြင့် ကုံရာသီဖြစ်ပြီး မာဃနက္ခတ်နှင့် စန်းယှဉ်၍ မွန်းတည့်သည်။ ရာသီရုပ်မှာ ရေထမ်းသမားဆင်းရဲသားပုံဖြစ်၍ ရာသီပန်းမှာ ပေါက်ပန်း၊ လဲပွင့်၊ လက်ပံပွင့်တို့ ဖြစ်ကြသည်။

ရှေးခေတ်ကျောက်စာအရေးအသားများ၌ တပို့တွဲလကို တပိုင်ထွယ်၊ တပိုင်ထွဲ၊ တပိုင်တွယ်၊ တပိုင်တွဲ၊ တပိုင့်ထွယ်ဟု ရေးသားလေ့ရှိသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က လယ်သမားကြီးများ လယ်ယာလုပ်ငန်းကိစ္စပြီးစီး၍ လယ်လုပ်ကိရိယာထမ်းပိုးများကို ချိတ်ဆွဲထားလေ့ရှိသောကြောင့် တပို့တွဲလဟူသော ဝေါဟာရသည် ထမ်းပိုးဆွဲ၊ ထမ်းပိုးတွဲဟူသောစကားမှ ဖြစ်ပေါ်လာသည်ဟု ဝေါဟာရတ္ထပကာသနီကျမ်း၌ ထည့်သွင်းရေးသားခဲ့သည်။ ဆရာကြီး ဦးဖိုးလတ်ကမူ တပို့တွဲဆိုသည်မှာ ထန်းဖူး ထန်းခိုင်တံတို့အား အောက်သို့ကိုင်းညွတ်အောင်ပြုသောလ၊ ထန်းရည်နင်းလဟု အဓိပ္ပာယ်ရကြောင်း ဆိုသည်။

တပို့တွဲလတွင် ရက်မစုံလကွယ်သောကြောင့် ၂၉ ရက်သာရှိသည်။ လွန်စွာချမ်းအေးသဖြင့် "တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါသည်" ဟူ၍လည်းကောင်း၊ "နှာရည်ယိုရွဲတပို့တွဲ" ဟူ၍လည်းကောင်း ဆိုရိုးပြုကြသည်။

ချမ်းလွန်း၍ ဘုရားရှင်သော်မှ ရွှေလက်တော်အေးသဖြင့် မီးကင်ရသည်ဟု ယူဆပြီး ရှေးမြန်မာရဟန်းရှင်လူတို့က တပို့တွဲလရာသီပွဲတော်အဖြစ် မီးအလှူပွဲ၊ မီးဖုန်းပွဲ၊ မီးပုံပွဲကို ကျင်းပခဲ့ကြသည်။ နံ့သာဖြူ သနပ်ခါးစသော နံ့သာထင်းများကို ဘုရားရှေ့တွင် မီးရှို့ပူဇော်သောပွဲတော်ဖြစ်သည်။ ယခုခေတ်၌ ဤမီးဖုန်းပွဲတော်မှာ ထင်ရှားခြင်းမရှိတော့ဘဲ နောက်တိုးဖြစ်သော ထမနဲပွဲကိုသာ ရာသီပွဲတော်အဖြစ် ကျင်းပကြသည်။

ထမနဲသည် ကောက်ညှင်းဆန်ဖြင့် ပြုလုပ်ရသော မြန်မာ့ရိုးရာစားစရာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းကို ကျက်အောင်ပြုပြီးမှ စေးကပ်သွားအောင် နယ်ရ၊ နှဲရသဖြင့် ထမင်းနှဲဟု ခေါ်ခြင်းဖြစ်သည်။ အသံထွက်သောအခါ "ထမနဲ" ဟုထွက်သည်။ ထမနဲထိုးရသောအလုပ်မှာ ယောကျ်ားရင့်မာကြီးများ ချွေးဒီးဒီးကျအောင် အားစိုက်ထိုးရ၊ မွှေရ၊ နယ်ရ၊ နှဲရသော အလုပ်ဖြစ်သည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီ အာဘာသ ဓာတ်စာဖြစ်သော ထမနဲထိုးပွဲမှာ အလွန်လိုက်ဖက်သည်။

ထမနဲထိုးပွဲကို များသောအားဖြင့် တပို့တွဲလဆန်း ၁၄ ရက်နေ့ ညဉ့်ဦးယံ၌ ကျင်းပလေ့ရှိသည်။ ထမနဲထိုးပြီးသောအခါ နံနက်အရုဏ်တက်တွင် ဘုရားအားဆွမ်းတော်ကပ်ကြသည်။ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပို့လှူကြသည်။ လမ်းအတွင်း၊ ရပ်ကွက်အတွင်းသို့ ဝေငှလှူဒါန်းကြသည်။ ထမနဲပွဲတော်ကို အများစုပေါင်းပါဝင်နွှဲပျော်ကြသကဲ့သို့ အများစုပေါင်း၍ လှူဒါန်းကြ၊ စားသောက်ကြသည်။ မြန်မာတို့၏ စည်းလုံးမှုသရုပ်ကို ထင်ဟပ်စေသော ချစ်စဖွယ်ရိုးရာပွဲတော်တစ်ခုပင် ဖြစ်သည်။

"ကုံရာသီမာသ၊ သဘာဝရွှင်စွာ။ ထာဝရစဉ်လာ၊ များသူငါခြိမ့်သဲ။ ညာဇမ္ဗူသာဓုခေါ်အောင်၊ ယာဂုတော်ကျိုဆောင်သည့်ပွဲ။ စားတော်ရဆန်ပေါက်ဝါ၊ လေးပြည်သာထည့်မြဲ။ ချိန်ပိဿာလျှံ ကြည်ရွှဲအောင်လို့၊ နှမ်းဆီလဲထည့်ပြန်။ မြေပဲဆန်အဌသုညငယ်နှင့် ဒွတ္တိံသတိလဗီဇံ။ အုန်းသီးစိတ်ကျပ်ဝီသံငယ်၊ လောနတံချိန်သတ်နှင့်။ ချင်းနုဖတ်သိင်္ဂီမျှင်ရွှေ၊ သုံးကျပ်မသွေ။ နည်းစဉ်ဆက်သမုဆွေငယ်၊ ဥပဒေမော်ကွန်းပလေး"။

ရှေးမြန်မာတို့က အထက်ပါတေးထပ်ဖြင့် ထမနဲထိုးနည်းကို မော်ကွန်းတင်ခဲ့ကြသည်။ ကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင်ဆေး၍ ဆီတစ်ပိဿာကို ဒယ်တွင်ထည့်ကာ ချင်းသုံးကျပ်သားနှင့် ဆီသတ်ရသည်။ ပြီးမှ ကောက်ညှင်းဆန်ထည့်၍ နှပ်ရသည်။ ကောက်ညှင်းနပ်၍ ဆီပြန်သော် ဖိုမှချ၍ ကြေအောင်နှဲရသည်။ ယောက်မနှစ်လက်ဖြင့် အားကောင်းမောင်းသန် ယောကျ်ားကြီးများနယ်၍ နှဲ၍ ကြေသွားသော ကောက်ညှင်းတွင် မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ခုနစ်ကျပ်သားတို့ကိုထည့်၍ နှံ့အောင်မွှေရသည်။

ထမနဲသည် အပူစာချည်းပါ၍ ဆီနိုင်သော အစာဖြစ်သဖြင့် အလွန်ချမ်းသည့် တပို့တွဲလမျိုးတွင် ထိုးပွဲကျင်းပ၍ စားကြခြင်းဖြစ်သည်။ အလွန်အေး၍ အဆီခြောက်ခန်းချိန်ဖြစ်သဖြင့် ဆီနိုင်သော ထမနဲကို စားသုံးလျှင် စိုပြည်လာ၍ အပူဓာတ်ရသည်ဟု အယူရှိကြသည်။ ပေါက်လဲပွင့်ဆဲ တပို့တွဲဝယ် ထမနဲပွဲနွှဲပျော်ခြင်းမှာ ကာလဒေသပယောဂနှင့် ကိုက်ညီလှသော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားဖော်ညွှန်းလိုက်ရပေသည်။ ။

ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းထိပ်ရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တာဝန်ရှိသူတို့နှင့်အတူ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမက(၁၀) မြောက်ဥက္ကလာပ

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမက(၁၀)မြောက်ဥက္ကလာပ၌ ပညာသင်ကြားပို့ချခဲ့ကြသည့် သက်ပြည့်အငြိမ်းစား ဆရာ၊ ဆရာမများအား ပထမအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်ရှိ ယင်းကျောင်း အင်ကြင်းဆောင်၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဦးငွေဦး ဖုန်း-၀၉-၅၃၀၀၉၅၃၊ ဦးစိုင်းသီဟ ဖုန်း-၀၉-၅၁၆၈၄၉၄၊ ဦးအောင်ငွေးမြင့် ဖုန်း-၀၉-၅၁၂၄၆၃၅၊ ဒေါ်ခင်သန္တာအောင် ဖုန်း-၇၃၀၄၁၆၆၃၊ ဒေါ်မြမြသန်း ဖုန်း-၇၃၀၁၀၅၈၅၊ ဒေါ်နွယ်နွယ်အေး ဖုန်း-၆၉၁၂၃၉နှင့် ဒေါ်တင်မာကြွယ် ဖုန်း-၆၉၉၇၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

STI Education ၏ သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

STI Education ၏နှစ်ပတ်လည်နှင့် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel (Ball Room)၌ ကျင်းပရာ STI ၏ အတိုင်ပင်ခံ အကြံပေး ပါမောက္ခဒေါ်လှမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်အေးဝင်းက STI ၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Diploma in TESOL, Certificate in TEFL/TEYLT, Certificate in English Communication Skills နှင့် English-To-Go ကျောင်းသား၊ ကျောင်းသူများက အင်္ဂလိပ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ သင်တန်းမှ ဆရာ၊ ဆရာမများက Double Diploma in Logistics Management & Supply Chain Management, Advanced Diploma in Logistics Management, Diploma in Logistics Management, Diploma in Supply Chain Management, Diploma in Business Management, Diploma in Business Information Systems, Diploma in TESOL,Certificate in TEFL/TEYLT,Certificate in Business and Management, Certificate in Warehouse Management, Certificate in ACE, Certificate in Marketing,Certificate in English Communication Skills နှင့် English-To-Go သင်တန်းအောင်မြင်သူများအား အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် Diploma in Logistics Managemer သင်တန်း၊ Diploma in TESOL သင်တန်း၊ Diploma in Business Information Systems သင်တန်းနှင့် Diploma in Business Management သင်တန်းတို့မှ သင်တန်းသားများက သင်တန်းအတွေ့အကြုံနှင့် ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ဉာဏ်စမ်း Quiz အမေးအဖြေမှ ပထမရ "Uncle Gyi " အဖွဲ့အား ဒါရိုက်တာ ဒေါက်တာ မျိုးမျိုးနိုင်ကလည်းကောင်း၊ ဒုတိယရ " Rockers" အဖွဲ့နှင့် တတိယရ " Red " အဖွဲ့တို့အား ဒါရိုက်တာ ဒေါ်ခင်စန်းဝင်းကလည်းကောင်း ဆုများချီးမြှင့်ကြပြီး သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများက အတန်းအလိုက် အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

STI Education နှင့် စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း (၇) အဆောင် (၄)နှင့် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အထက်) အမှတ် (၃၇၇) ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

STI ၏ အတိုင်ပင်ခံ အကြံပေး ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း)က သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ဒဂုံမြို့နယ် အထက(၂) မြို့မကျောင်း ဦးဘလွင်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ မြို့နယ် ဘက်စုံ ဘာသာစုံ ထူးချွန်ဆုရရှိသော အထက(၁)ဒဂုံ စတုတ္ထတန်းမှ မောင်ကောင်းပြည့်နိုင်အား မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ဖောင်းပြင်၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်း၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းလွင်က မြန်မာနိုင်ငံ လယ်ယာစာရင်း ကောက်ယူရေးဆိုင်ရာ လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်မြေစာရင်းဦးစီးဌာနရှိ လက်ထောက်ဦးစီးမှူးများနှင့် အုပ်စုတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

ဖေဖော်ဝါရီ ၄ရက်က သဃ်န်းကျွန်းမြို့နယ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက (၁) သပြေခန်းမ၌ ကျင်းပရာ ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာဆုနှင့် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး အကောင်းဆုံးစံပြ စွမ်းဆောင်ရည်ထူးချွန်ဆုရ အမက(၈) မူလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေအား မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင် ထူးချွန်ဆုများ ချီးမြှင့်စဉ်။ (ကြေးမုံ)

ပုသိမ်အသင်း(ရန်ကုန်)ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပုသိမ်အသင်း(ရန်ကုန်)၏ (၉၀)ပြည့်နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃-စီ) ရောဝတီတိုင်းမွှာရုံ၌ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သား၊ သမီးများသည် မတ် ၂၀ ရက်နောက်ဆုံးထားပြီး စာရင်းပေးပို့ရမည်ဖြစ်သည်။ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဒေါ်ခင်နွဲ့ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖလား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၁၁ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖလားနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အောင်မင်္ဂလာအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနား၌ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်) ဥက္ကဋ္ဌ ဦးသန်းရွှေက လှူဒါန်းငွေကျပ် သိန်း ၂၂၀ နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အေးအေးခိုင်နှင့် ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ သုမ္မမဏီဇောတရေ ဦးစိုးနိုင်တို့က လှူဒါန်းငွေကျပ် သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ဆိုင်းဘုတ်ကိုင်ကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အမျိုးသား၊ အမျိုးသမီးများ၏ ခြင်းလုံးသရုပ်ပြခတ်ကစားမှုကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာခြင်းလုံးအမွေအနှစ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ခြင်းလုံးခတ်မောင်မယ်များ အများဆုံးပါဝင်ခတ်ကစားကြပြီး အမျိုးသားကလပ်အသင်း ၄၇ သင်းနှင့် အမျိုးသမီးကလပ်အသင်း ခြောက်သင်း စုစုပေါင်း ၅၃သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ နေ့ပိုင်းတွင် အောင်မင်္ဂလာအားကစားခန်းမနှင့် အလှခတ်ပြိုင်ပွဲများကို ညနေ ၆ နာရီမှ ၁၀ နာရီအထိ ရွှေစည်းခုံဘုရားပွဲတော်ဝင်း၌ ကျင်းပလျက်ရှိရာ ခြင်းလုံးခတ်ဝါသနာရှင်များနှင့် နိုင်ငံခြားခရီးသွား ဧည့်သည်များ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘာသာစုံတတိယဆု၊ ကျောင်းတွင်းဘက်စုံ ထူးချွန်ပထမဆု၊ ပညာရည်ချွန် ပထမဆုရ စတုတ္ထတန်းမှ မောင်စိုးပြည့်အောင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မီးသတ်ဦးစီးဌာန မီးသတ်ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂၇/၂၀၁၀) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်ယာဉ်မောင်း သင်တန်းအမှတ်စဉ်(၂၇/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ညွှန်ကြားရေးမှူး(ဌာနချုပ်)ဦးကျော်သူရ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ကြပြီး မီးသတ်ယာဉ်/စက်များမောင်းနှင်ခြင်း၊ ယာဉ်/စက်များပြုပြင်ထိန်းသိမ်းခြင်း၊ မီးလောင်ပြင်တွင် မီးသတ်ယာဉ်/စက်များကို နေရာယူခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အပါအဝင် စာတွေ့လက်တွေ့များကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မြို့ပြမြေပုံလမ်းညွှန် ဂျီပီအက်စ် မိတ်ဆက်တင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မော်တော်ယာဉ်မောင်းနှင်သူများအတွက် မြန်မာနိုင်ငံ မြို့ပြမြေပုံလမ်းညွှန် မြန်မာဂျီပီအက်စ်ထုတ်ကုန်သစ် Polar Star **မိတ်ဆက်တင်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူး ဦးသောင်းတင်က မိတ်ဆက်အမှာစကား ပြောကြားပြီး Technomation Studios မှ ဦးထူးမြင့်နောင်က မြန်မာနိုင်ငံမြို့ပြ မြေပုံလမ်းညွှန် မြန်မာဂျီပီအက်စ် ထုတ်ကုန်သစ် Polar Star နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာဂျီပီအက်စ် Polar Star သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ ခရီးသွားလာရေးအတွက် လမ်းညွှန်မြေပုံပါသည့် ဂျီပီအက်စ်ပစ္စည်းတစ်ခုဖြစ်ပြီး ယခု ထုတ်လုပ်သော ဗားရှင်းတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များအတွက် အသေးစိတ်မြေပုံများပါရှိသည်။ပေ ၃၀ အကွာအဝေးအတွင်း အတိအကျ လမ်းညွှန်ပေးနိုင်ပြီး မြေပုံစောင်းသွားခြင်း၊ ကားလမ်းဘေးရောက်သွားခြင်းစသည့် မဖြစ်သင့်သော လမ်းညွှန်ပြသမှုများ လုံးဝမပါရှိသော ဂျီပီအက်စ်စနစ်ကို အသုံးပြုထားသည်။ ထို့အပြင် မိမိသွားလိုသည့် လမ်းအမည်သိရုံဖြင့် သွားလိုသောနေရာကို တွက်ချက်ရှာဖွေပေးနိုင်ပြီး အနီးဆုံးနှင့် အတိုဆုံးလမ်းအတိုင်း မောင်းနှင်ပေးနိုင်ရန် လမ်းညွှန်ပေးမည်ဖြစ်သည်။ မော်တော်ကား မောင်းနှင်ရာတွင် အန္တရာယ်ရှိသည့် အမြန်နှုန်းဖြစ်လာပါက အသံဖြင့် သတိပေးသည့် စနစ်ကိုလည်း ထည့်သွင်းပေးထားသည်။ ထို့ပြင် မော်တော်ကား ရောက်ရှိနေသော နေရာအနီးတစ်ဝိုက်ရှိ ဆေးရုံ၊ ဆေးခန်းများ၊ ဓာတ်ဆီဆိုင်များ၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် တည်းခိုခန်းများကိုလည်း နေရာအတိအကျ ဖော်ပြပေးထားသည်။

မြန်မာဂျီပီအက်စ် PolarStar တွင် မြန်မာဘာသာနှင့်ရော အင်္ဂလိပ်ဘာသာဖြင့်ပါ မိမိကြိုက်နှစ်သက်ရာ ဘာသာစကားကို ရွေးချယ်ပြီး အသုံးပြုနိုင်သည်။ မိမိသွားလိုသည့် ခရီးစဉ်တစ်လျှောက် လိုအပ်သည့် လမ်းညွှန်ချက်၊ အသိပေးချက်များကို မြန်မာအသံထွက်ဖြင့် လမ်းညွှန်ပေးနေမည်ဖြစ်သည်။ မြန်မာဂျီပီအက်စ် Polar Star သည် ဂျီပီအက်စ် အတွက်သာမက မာလ်တီမီဒီယာ MP4 တစ်လုံးကဲ့သို့ပါ အသုံးပြုနိုင်သဖြင့် မော်တော်ယာဉ်တွင်ပါဝင်သော Audio စနစ်နှင့် တွဲဖက်ပြီး အက်ဖ်အမ်ရေဒီယိုနားထောင်ခြင်း၊ သီချင်းနားထောင်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဓာတ်ပုံများစုစည်းခြင်း၊ အီးဘုတ်များ ထည့်သွင်းဖတ်ရှုခြင်း၊ ဂိမ်းကစားခြင်းတို့ ပြုလုပ်နိုင်သည်။

မြန်မာဂျီပီအက်စ် Polar Star ကို ဝယ်ယူ အသုံးပြုလိုသူများအတွက် ဖေဖော်ဝါရီ ၂၅ ရက် မန္တလေးမြို့၌ ကျင်းပမည့် ကွန်ပျူတာပြပွဲတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် မော်တော်ကားပစ္စည်း အရောင်းဆိုင်များ၊ ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူနိုင်သည်။ ထို့ပြင် တစ်ပါတည်း တပ်ဆင်ရောင်းချလိုသည့် မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ကုန်ပစ္စည်းထုတ်လုပ်ပို့ဆောင်ရေးကုမ္ပဏီများ၊ အငှားယာဉ်အဖွဲ့အစည်းများအတွက် အထူးနှုန်းထားဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ဖုန်း- ၂၄၃၈၉၃၊ ၃၉၈၁၄၀နှင့် ၀၉-၅၀၅၄၀၁၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူး ဦးသောင်းတင် မော်တော်ယာဉ်မောင်းနှင်သူများအတွက် မြန်မာနိုင်ငံ မြို့ပြမြေပုံလမ်းညွှန် မြန်မာဂျီပီအက်စ် ထုတ်ကုန်သစ် Polar Star **မိတ်ဆက်တင်ပြပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ပုသိမ်မြို့ အထက အမှတ်(၄) (ဝေဠုဝန်ကျောင်း)၌ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ရန် ပုသိမ်မြို့ တကောင်းဘုရားလမ်းနေ ဦးမြတ်လင်း-ဒေါ်တင်တင်မြ (အိအိချို ငရုတ်သီးမှုန့်) မိသားစုက ငွေကျပ် လေးသိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်စန်း လက်ခံစဉ်။

(ပညာရေး)

မြင်းမူမြို့၌ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မြေစာရင်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း၏ နောက်ဆက်တွဲစာရင်း ကောက်ယူခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီတွင် မြင်းမူမြို့ မြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသူရိန်ထွန်းက လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်စပ် လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၈ ရက် အထိကျင်းပခဲ့ပြီး သင်တန်းသား ၄၀တို့ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝေါမြို့နယ် စည်ပင်သာယာရေး အဖွဲ့က မေတ္တာကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ (အမျိုးသားအလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်သာယာစက်မှုဇုန် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်စိုးက နေရာလိုက် အကောင်းဆုံး အားကစားသမားဆုများနှင့် မြို့နယ်ဥက္ကဋ္ဌဖလားရရှိသော ညောင်ကျေးရွာ ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (၄၉)

စစ်ကိုင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူ အင်အား ၇၆၀ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးနိုင်က မော်တော်ဆိုင်ကယ်စီးနင်းသူများအပါအဝင် လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များကို လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်တရားသူကြီး ဒေါ်ခင်ပြုံးရီတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ပြကျောက်ချောလမ်း လုပ်ငန်းဆောင်ရွက်

ကွန်ဟိန်း ဖေဖော်ဝါရီ ၁၉

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကွန်ဟိန်းမြို့ ရေဦးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၅ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဂုဏောသနက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀) အစည်းအဝေး မှတ်တမ်းကို အတည်ပြုချက်ရယူပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၀)နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုပညာရေးအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေး တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)တို့၏ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ သဘာပတိ ဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၁) အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ စတုတ္ထတန်း(က) မှ လေးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မဆုရည်နှင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေး ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းရုံးလမ်း ကွန်ကရစ်တံတား ပြုပြင်ဆောင်ရွက်နေမှုကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်ပြည့် အနီးကပ် ကြီးကြပ်စဉ်။ (သတင်းစဉ်)

ဝါးခယ်မဆိပ်ကမ်း၌ ခရီးသည်တင်ရေယာဉ်တစ်စင်း နစ်မြုပ် လူသေဆုံးမှုမရှိ၊ စားသုံးကုန်ပစ္စည်းအချို့ နစ်မြုပ်ဆုံးရှုံးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဗန္ဓုလကျေးရွာ ဝါးခယ်မဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင် ရန်ကုန်-လပွတ္တာ ခရီးသည်တင် နှစ်ထပ်ရေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၃ နာရီကျော်ခန့်တွင် မြစ်ရေကျပြီး သဘော်တဖြည်းဖြည်းတိမ်းစောင်းလာသဖြင့် ရေယာဉ်ပေါ်ပါခရီးသည် ၁၃၀နှင့် ရေယာဉ်လုံခြုံရေးအဖွဲ့များအား ကမ်းပေါ်သို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ရေယာဉ်သည် နံနက် ၆နာရီ မိနစ် ၄၀ခန့်တွင်နစ်မြုပ်သွားခဲ့သော်လည်း ခရီးသည်နှင့်ရေယာဉ်ပေါ်ပါရှိသူများ သေဆုံးမှုမရှိခဲ့ကြောင်း၊ ရေယာဉ်မှာ ကမ်းဘက်မှ ရေလယ်ဘက်သို့ တိမ်းစောင်းနစ်မြုပ်ပြီး ရေပေါ်၌ သုံးပေခန့်သာ ပေါ်နေကြောင်းနှင့် ရေယာဉ်နစ်မြုပ်မှုကြောင့် စားအုန်းဆီပီပါအချို့၊ ဓာတ်မြေသြဇာအိတ်အချို့နှင့် ကြက်သွန်၊ အာလူးအိတ်အချို့ စသည်ဖြင့် နစ်မြုပ်ဆုံးရှုံးခဲ့ကြောင်း၊ ခရီးသည်များအား ဗလကျော်သူရေယာဉ်ဖြင့် လပွတ္တာမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

Automobile & Living Products Show SAILUN ကားတာယာများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

CONQUEST ORGANIZING GROUP က ကြီးမှူးပြီး ရွှေသံလွင်ကုမ္ပဏီ (Sky Net)၏ အဓိက ပံ့ပိုးကူညီမှုဖြင့် Automobile & Living Products Show ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိရာ စမ်းငွေရောင်ကုမ္ပဏီလီမိတက်မှ SAILUN အမှတ်တံဆိပ် မော်တော်ကားတာယာများ ပါဝင်ပြသလျက်ရှိသည်။**(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် SAILUN အမှတ်တံဆိပ် S.911, S. 917, S.711, S.815 အမျိုးအစားတာယာများနှင့် နောက်ဆုံးရောက်ရှိလာသည့် S.737 တာယာတို့ကို ပြသထားသည်။ S.911နှင့် S.917 တာယာများသည် ခရီးကြမ်းလမ်းများ၊ တောင်တက်လမ်းများ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ယာဉ်များအတွက် အကောင်းဆုံးတာယာများဖြစ်သည်။

S.711 နှင့် S.815 တာယာများသည် မြေပြန့်လမ်းချော့အတွက် အသုံးပြုနိုင်ပြီး S.737 တာယာသည် ကုန်တင်ကားကြီးများအတွက် နောက်ဆုံးတင်သွင်းလာသည့် တာယာဖြစ်သည်။

SAILUN အမှတ်တံဆိပ် 10.00 R20 နှင့် 11.00 R20 စတီးတာယာများသည် အထပ်ရေ (၁၈)ထပ်ရှိပြီး ပန်းပွိုင့်ထူခြင်း၊ Weight အပြည့်ပါခြင်းတို့ကြောင့် အရည်အသွေး အထူးကောင်းမွန်သည်။ ထို့ပြင် 9.00 R20, 8.25 R20, 8.25 R16, 7.5 R16, 7.00 R16 နှင့် Radial Tyre ဆိုဒ်စုံများကိုလည်း ပြသထားသည်။

Express ကားများအတွက် S.636 တာယာကို အထူးထုတ်လုပ်ထားပြီး တာယာပန်းစား သက်သာပြီး ကြာရှည်အသုံးပြုနိုင်သည်။

SAILUN TYRE များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးလမ်း အမှတ်(၉၄) ဖုန်း-၀၁-၆၈၆၂၉၂နှင့် ၀၁-၆၈၆၂၉၃၊ မန္တလေး(ရုံး) အမှတ် H/Z ဖိုးရာဇာလမ်း စက်မှုဇုန် (၁) မန္တလေးမြို့ ဖုန်း-၀၂-၅၄၄၀၃နှင့် ၀၂-၅၃၄၅၅ မန္တလေးဆိုင် အမှတ် (ဈ-၂၁-၉၀) ယောမင်းကြီးလမ်းနှင့် (၆၅)လမ်းထောင့် စက်မှုဇုန် (၁) မန္တလေးမြို့ ဖုန်း-၀၂-၅၂၁၁၇ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီး သတိပြု

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ် ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၀ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်လွှတ်တော်အနီး ကျားခေါင်းလမ်း မြေယာရှုခင်းအလှအား အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်ဝင်း ပြုပြင်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ဆိပ်ဖူးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❖ ကျောဖုံးမှ

ကမ်းခြေပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ထူးထူးခြားခြား၊ စည်စည်ကားကား ကျင်းပမည်ဟူသော သတင်းတစ်ရပ်ကို ကြားသိရသောအခါ ပိုမိုပြည့်စုံသော သတင်းရရှိရေးအတွက် ဟိုတယ်ဇုန်(ချောင်းသာ)နှင့် နီးစပ်ရာ အသိုင်းအဝိုင်း သတင်းရပ်ကွက်များဆီ မေးမြန်းစူးစမ်းခဲ့ရပါသည်။ ပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ပွဲတော်ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးညီညီအောင်က ဒေသပိုမိုဖွံ့ဖြိုးတိုးတက် စည်ကားရေးအတွက်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဒေသအာဏာပိုင် အဖွဲ့အစည်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲ ကြိုးပမ်းကြခြင်း ဖြစ်သည်ဟု ဆိုသည်။

"အထူးသဖြင့်တော့ ချောင်းသာကမ်းခြေပျော်ပွဲရွှင်ပွဲနဲ့ ဈေးပွဲတော်ကြီး စည်စည်ကားကားဖြစ်စေဖို့အတွက် ဇုန်မှာရှိတဲ့ ဟိုတယ်တွေ၊ တည်းခိုခန်းတွေနဲ့ စားသောက်ဆိုင်အားလုံးက ၁၀ ရာခိုင်နှုန်း ဈေးလျှော့ပေးသွားကြမှာပါ။ ဒါ့အပြင် ပို့ဆောင်ရေး မော်တော်ယာဉ်တွေကလည်း ဈေးမတက်ဘဲ မူလဈေးအတိုင်းပဲ ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်"ဟုလည်း ဦးညီညီအောင်က ထည့်သွင်းပြောကြားသည်။ ကမ်းခြေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိကြရာ ပွဲတော်ကာလ ချောင်းသာကမ်းခြေ၏ အသွင်အပြင်များမှာ ခါတိုင်းထက် ပိုမိုထူးခြားနေမည်ဟု ကြိုတင်မြင်ယောင်နေမိသည်။

ဖေဖော်ဝါရီ ၂၅ရက် (ပွဲတော်ပထမနေ့)တွင် ညနေပိုင်း၌ ဟိုတယ်အလိုက် စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းနှင့် ညနေပိုင်း၌ ယိမ်းအကပြိုင်ပွဲများ၊ ဖေဖော်ဝါရီ ၂၆ ရက်(ပွဲတော်ဒုတိယနေ့)တွင် The Trees Band နှင့် ချစ်ကောင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ကောင်းမြတ်၊ Lဆိုင်းဇီ၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အေသင်ချိုဆွေ၊ K မီကို အဖွဲ့တို့၏ စတိတ်ရှိုး၊ ဖေဖော်ဝါရီ ၂၇ ရက် (ပွဲတော်နောက်ဆုံးနေ့)တွင် Five Star အငြိမ့်တို့ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်၏ လုံခြုံရေးအပိုင်းကို အထူးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရေပြင်သက်ကယ် ကြက်ခြေနီအဖွဲ့ကို အချိန်ပြည့် ထားပေးသွားမည် ဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဦးကြင်လှိုင်က ပြောကြားသည်။

ချောင်းသာကမ်းခြေ ဟိုတယ်ဇုန်ရှိ ဟိုတယ်များကိုလည်း သစ်လွင်တောက်ပစွာ ပြင်ဆင်ထားရှိကာ ကမ်းခြေမုခ်ဦးနှင့် အငြိမ့်၊ စတိတ်ရှိုးစင်မြင့်၊ အရောင်းဆိုင်ခန်းများကို တည်ဆောက်လျက်ရှိရာ မုခ်ဦးနှင့် စတိတ်စင်တို့ကို ခမ်းခမ်းနားနား၊ ကြီးကြီးမားမားဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ ဆိုင်ခန်းများကိုလည်း စည်စည်ကားကား ဖြစ်လာစေရန် ကြိုးပမ်းနေကြောင်း အခမ်းအနားတည်ဆောက်ရေး တာဝန်ခံ ဦးစံရင်က ပြောသည်။

"ကျွန်တော်တို့ ချောင်းသာကမ်းခြေကို အပန်းဖြေလာရောက်တဲ့ သူတွေ ဒေသထွက်ကုန်နဲ့ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေကျဖြစ်တဲ့ ရွှေသာယာမြို့မဈေးကြီးကို အသစ်ပြန်တည်ဆောက်ပြီး မနှစ်တုန်းက ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ကမ်းခြေပွဲတော်မှာတော့ ဆိုင်ခန်း ၅၀ တည်ဆောက်ဖွင့်လှစ်သွားမှာ ဖြစ်ပြီး ရေလုပ်ငန်းဆိုင်ရာပြကွက်၊ ဒေသထွက်ကုန်ပြကွက်တွေကိုလည်း ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်" ဟု ဆိုင်ခန်းရောင်းချရေးတာဝန်ခံ ဦးညွန့်ဝင်းအောင်က ပြောကြားသည်။

ချောင်းသာကမ်းခြေတွင် နိုင်ငံတကာအဆင့်မီဟိုတယ်များ အပါအဝင် ဟိုတယ် ၁၅ ခုနှင့် တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်တန်းများ၊ အမှတ်တရ အရောင်းဆိုင်များက ပွဲတော်သို့ လာရောက်ကြမည့် ဧည့်ပရိသတ်များအတွက် ဧည့်ဝတ်ကျေပွန်အောင် ပြင်ဆင်နေကြပြီဖြစ်သလို ပုံမှန်ဝန်ဆောင်မှုနှုန်း၊ ဈေးနှုန်းများထက် ၁၀ ရာခိုင်နှုန်း လျှော့ချပေးဖို့ တညီတညွတ်တည်း ဆုံးဖြတ်ကြပြီး ဖြစ်သည်။

ချောင်းသာကမ်းခြေ ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဒေသအာဏာပိုင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၊ မန်နေဂျာများ၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းဆိုင် ပိုင်ရှင်များ၊ မော်တော်ယာဉ်လိုင်းများမှ တာဝန်ခံများ စသည်ဖြင့် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များက အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေး စည်းဝေးညှိနှိုင်းကြပြီး တက်ကြွစွာ အကောင်အထည်ဖော်နေကြကြောင်းလည်း သိရသည်။

ချောင်းသာကမ်းခြေသို့ အပန်းဖြေလာရောက်ကြသူများအနေဖြင့် ပတ်ဝန်းကျင် လေ့လာမှုအဖြစ် သဲဖြူကျွန်း၊ ဖိုးကုလားကျွန်း(ခေါ်) အောင်မင်္ဂလာကျွန်း၊ ကျောက်မောင်နှမကမ်းခြေနှင့် ရွှေသောင်ယံကမ်းခြေစသည့် ဆက်စပ်ဒေသများသို့လည်း သွားရောက်လည်ပတ်ကာ ဒေသခံပြည်သူတို့၏ မိရိုးဖလာလုပ်ငန်းများ၊ လူမှုစီးပွားပုံစံများ၊ သဘာဝရှုမျှော်ခင်းအလှအပများကိုပါ လေ့လာခံစားနိုင်ကြမည် ဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်ပါ၏။ ။

ကမ်းခြေမှသည် နေရာဒေသအနှံ့ ဆက်သွယ်နိုင်သော Tourist-Information ဆိုင်ကို တွေ့ရစဉ်။

BLANK LILF (ဘယ်ဂျီယံနိုင်ငံသား) "ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းကတစ်ဆင့် မြန်မာနိုင်ငံသို့ အလည်လာတာပါ။ အားလုံးက ကြိုဆိုကြပါတယ်။ ကမ်းခြေကိုလည်း သဘောကျပါတယ်။ ရောက်တာ ငါးရက်ရှိပါပြီ"

တည်းခိုဆောင် ဘန်ဂလိုများနှင့် အုန်းပင်များကလည်း ပန်းရလျက်။

ဂျပန်နိုင်ငံမှ ဇနီးမောင်နှံနှစ်ဦး ကမ်းခြေတွင် လမ်းလျှောက်နေစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဖဂ္ဂုနရဟန်း"တရားတော် (ဆရာတော်ဦးယောသိတ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၇)**
- ၈း၄၀ Emperor Love Concert (Part-6)
- ၉း၂၀ စာပန်းအိမ်၏သမိုင်းသစ်
- ၉း၄၀ Sunday Talk [ခင်မောင်ညို(ဘောဂ)၊ မျိုးမြတ်သူ]
- ၁၀း၁၅ မျှော်လင့်ခြင်းခရီးစဉ် [ဖြစ်ရပ်မှန်(၁)(ရင်သားကင်ဆာ)]
- ၁၀း၃၅ ဗီဒီယိုပြခန်း
- ၁၁း၀၀ အကယ်ရှာမကျေးရွာ (၁၆) ခုတင်ဆံ့ဆေးရုံအုတ်မြစ်ချ မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနား
- ၁၁း၃၅ အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
- ၁၁း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၃၁)
- ၁၂း၁၀ ပီတိလွှမ်းခြုံ အထက(၁) မြင်းခြံရဲ့အာစရိယဂုဏ်
- ၁၂း၃၅ အဓိဋ္ဌာန်ဒုလ္လဘရဟန်း(၅၀၀)ပါး ဥပသမ္ပဒကံဆောင်ပွဲ (အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်)
- ၁း၀၀ "ဖဂ္ဂုနရဟန်း"တရားတော် (ဆရာတော်ဦးယောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ပူတာကောင်းတယ်၊ အေးတာကောင်းတယ်)
- ၃း၂၀ ဆံသားကျန်းမာရေးကိုသဘာဝ ကျကျထိန်းသိမ်းတတ်စေဖို့
- ၃း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Lifestyles Expo 2011)
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၇)**
- ၄း၄၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၄း၅၅ FMF Selection
- ၅း၃၀ သွားမယ်စားမယ် (Doreen)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၁)**
- ၇း၃၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲအခမ်းအနား)
- ၇း၅၀ ရေသန့်ဆိုသည်မှာ. . .
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉း၁၀ ဟိုတယ်လမ်းညွှန် (Ecotourism ရဲ့ပန်းတစ်ပွင့်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၈)**
- ၁၀း၀၅ ပန်းချီပြခန်း (ပန်းချီဝင်းဖေမြင့်ရဲ့ 100 Portraits By WPM ပန်းချီပြပွဲ)
- ၁၀း၂၀ Talent Show (မွန်ပြည်နယ်ကိုကိုနိုင်)
- ၁၀း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co.,Ltd)
- ၁၁း၀၀ FA Cup (Lcyton Orient Vs Arsenal)
- ၁း၀၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၁း၂၀ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၁း၄၀ Miss Universe 2010
- ၂း၄၀ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
- ၂း၅၅ လက်ဖက်ရဲ့အဖော်နှစ်ပြန်ကြော်
- ၃း၀၅ ဖန်ဆင်းရေးခြယ်လက်ရာ အသွယ်သွယ်
- ၃း၃၅ မောတို့မြေမှအံ့ဖွယ် ထူးခြားလိုဏ်ဂူများ
- ၄း၂၅ ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ
- ၄း၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီး စေတီများ
- ၄း၅၀ ထင်ရှားဖူးမြော် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၄	West Bromwich - Wolverhampton	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Man City - Notts County	STAR SPORTS (Live)
၉း၂၅	Fulham - Bolton	ESPN (Live)
၁၀း၃၀	Lcyton Orient - Arsenal	STAR SPORTS (Live)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

Automobile & Living Products Show
မြပန်းဝါကုမ္ပဏီပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

CONQUEST ORGANIZING GROUP က ကြီးမှူး၍ Automobile & Living Products Show ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ပြသလျက်ရှိရာ မြပန်းဝါကုမ္ပဏီမှ ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ ပြခန်းတွင် စင်ထွာဒစ်ဂျစ်တယ် ကတ္တားအမျိုးမျိုးနှင့် မော်တော်ယာဉ် ချိန်တွယ်သည့် ကတ္တားတို့ကို ပြသလျက်ရှိပြီး ပြပွဲရက်အတွင်း ဝယ်ယူသူများအား Discount ပေး၍ ရောင်းချသွားမည်ဖြစ်သည်။ ဖုန်း-၀၉-၆၅၀၁၇၄၇ နှင့် ၀၉-၅၀၂၁၁၄၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အိမ်အရောက် ပို့ဆောင်၍ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ထို့အပြင် AD ဒစ်ဂျစ်တယ်၊ ကျပ်၊ ပဲ၊ ရွေး ရွှေချိန်စက်၊ ရွှေရည်စစ်စက်နှင့် Book Drive Scanner တို့ကိုလည်း ပြသထားပြီး ပြပွဲကာလအတွင်း ဝယ်ယူပါက Discount ပေးမည်ဖြစ်သည်။ Book Drive Scanner သည် ရှားပါးစာအုပ်များကို Scan ဖတ်ပြီး စာအုပ်ထုတ်ယူနိုင်အောင် CD ထုတ်ပေးသည့်စက်ဖြစ်သည်။ ဖုန်း-၀၉-၆၅၀၁၇၄၇ နှင့် ၀၉-၅၀၂၁၁၄၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အိမ်အရောက် ပို့ဆောင်၍ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



မြောက်ဥက္ကလာပမြို့နယ် အမက (၈)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့်နှင့် ကျောင်းတွင်းဘက်စုံဆု ကိုးဆုရ စတုတ္ထတန်းမှ မရွှေရည်ဝင်း(၁)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူနှင့်ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဘတင့်ဆွေတို့ ချီးမြှင့်စဉ်။
(ပညာရေး)

မကွေးတိုင်းဒေသကြီး၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) တို့ ပူးပေါင်းဖွင့်လှစ်သည့် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်လှိုင်ကအဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာရင်ရင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW) ၁၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖွင့်လှစ်၍ မကွေးခရိုင်ဦးစီးမှူးက တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကုသရေးဆိုင်ရာကိစ္စများကို ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမောင်လှိုင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



အသည်းရောဂါဆိုင်ရာ ဟောပြောပွဲနှင့် ဝေဒနာရှင်များအား ဆွေးနွေးပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

KC ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကကြီးမှူး၍ "အသည်း ရောဂါဆိုင်ရာ ဟောပြောပွဲ"နှင့် အသည်းရောဂါဝေဒနာရှင်များအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Indraprastha Apollo ဆေးရုံကြီးမှ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအထူးကုဆရာဝန်ကြီး Professor Anupam Sibal က အခမဲ့တိုင်ပင်ဆွေးနွေးပေးခြင်းကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ အသည်းရောဂါ ဝေဒနာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် KC ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း၏ မန်နေဂျင်းဒါရိုက်တာဒေါက်တာကျော်မင်းက အိန္ဒိယနိုင်ငံသို့ ဆေးကုသခံယူလိုသူများအတွက် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ၊ အိမ်တိုင်ရာရောက်သူနာပြုလုပ်ငန်းနှင့် အိမ်တိုင်ရာရောက်ဆေးကုသဝန်ဆောင်မှု လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး Prof. Anupam Sibal က အသည်းရောဂါဝေဒနာရှင်များအား တစ်ဦးချင်း အချိန်ယူ ဆွေးနွေးပေးခဲ့ပြီးနောက် တက်ရောက်လာသော သူများအား "အသည်းရောဂါနှင့် အသည်းအစားထိုးခြင်းဆိုင်ရာ သိကောင်းစရာ"များကို ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းသောမေးခွန်းများကို ဖြေဆိုပေးခဲ့ရာ မွန်းတည့် ၁၂နာရီတွင် အောင်မြင်စွာ ပြီးစီးခဲ့ပြီး အိန္ဒိယနိုင်ငံရှိ Apollo ဆေးရုံများသို့ ဆေးကုသမှုခံယူလိုသူများသည် KC ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း အခန်း G-1, 2, 11 ပုလဲကွန်ဒို(စီ)ဆောင် Apollo 1 ဖုန်း-၀၁-၇၃၀၇၆၄၀၄၊ ၀၁-၅၅၇၄၄၈ နှင့် ext ၈၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် အနောက်ပိုင်း နည်းပညာတက္ကသိုလ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကြို/ပို့ယာဉ်မောင်း စုစုပေါင်း ၄၀၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

ပဏာမထိခိုက်ဒဏ်ရာ လူနာပြုစုကုသခြင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)က ကြီးမှူး၍ ဖေဖော်ဝါရီ ၉ရက်တွင် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)၌ အကြော-အရိုးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေက ထိခိုက်ဒဏ်ရာလူနာများအား ပဏာမ ဆေးပြုစုကုသခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီး၊ သူနာပြုဆရာမကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုသင်တန်းကျောင်း နောက်ဆုံးနှစ်သင်တန်းသူများနှင့် အထွေထွေရောဂါကု ဆရာဝန်များ စုစုပေါင်း ၂၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဆရာဝန်ကြီး ဒေါက်တာကြည်ဖေက မော်တော်ယာဉ်မောင်းနှင်သူများ၏ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်မောင်းများနှင့် ခရီးသည်များ ထိုင်ခုံခါးပတ်များ မတပ်ဆင်မှုနှင့် မော်တော်ဆိုင်ကယ်စီးရာ၌ ဦးထုပ်သိုင်းကြိုးများ မတပ်ဆင်မှုတို့ကြောင့် ဒဏ်ရာရသေဆုံးခဲ့မှုတို့နှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။

ဆွေးနွေးပွဲကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မွန်းလွဲ ၂နာရီတွင် ပဏာမထိခိုက်ဒဏ်ရာလူနာများ ပြုစုကုသခြင်း (PRIMARY TRAUMA CARE) များကို ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသောဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၂)**
- ၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားရဲ့ ကျောင်းတော်ရာ**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၄၃)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၂၅ ၇။ မြန်မာ့ရှုခင်း
- ၄း၄၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၀ ၉။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၀ ၁၀။ ၂၀၁၁ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ)
- ၅း၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ ဘဝကြေးမုံ -အချိန်သည်သာလျှင်တိုင်ပင်ရာ (မိုးအောင်ရင်၊ ချစ်စု) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
- ၆း၅၀ ၁၆။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၄၀)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သော သစ္စာ (အပိုင်း-၆)**
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃၀)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

အမြို့မြို့ အနယ်နယ်တွင် တိုးတက်စည်ပင်

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ပေါင်မြို့နယ် ပေါက်ကျွဲဂျီကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တင်းတိပ်-စာရေး-ပဒူ-ကျောက်ပန်း ကျေးလက်ကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီ ၆ရက်က စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းသန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ချယ်ရီလမ်း ကတ္တရာလမ်းခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ပျဉ်းမချောင်း-နတ်ဆယ် အုတ်ခုံခံသစ်သားတံတားလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ်ချောင်းသာကမ်းခြေပွဲတော် ပျော်ပွဲ ရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပထမအကြိမ်ချောင်းသာကမ်းခြေပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ပျော်ပွဲ၊ ရွှင်ပွဲ၊ ဈေးရောင်းပွဲများ၊ ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သတင်းဆောင်းပါး ဇင်ထူး

"ချောင်းသာ"ဟုဆိုလျှင် သွားရေးလာရေးလွယ်ကူသော၊ ကုန်ကျစရိတ်မများဘဲ အပန်းဖြေအနားယူနိုင်သော ကမ်းခြေဒေသတစ်ခုအဖြစ် ခရီးသွားဧည့်သည်များအကြား ထင်ရှားကျော်ကြားပြီးသားဖြစ်သည်။

အတိတ်ကာလက အိမ်ခြေ ၃၀ ခန့်မျှသာရှိသော ဘင်္ဂလားပင်လယ်အော်ကမ်းခြေ ဥတိုချောင်းဖျားမှ ကျေးရွာကလေးကို ၁၉၈၉ ခုနှစ်တွင် "ချောင်းသာ"ဟူသော အမည်နာမကင်ပွန်းတပ်ကာ ဟိုတယ်အနည်းငယ်ဖြင့် ကမ်းခြေအပန်းဖြေစခန်းတစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ရာ ချောင်းသာ၏သက်တမ်းမှာ ယခုအခါ ဆယ်စုနှစ် နှစ်ခုစာမကပင်ကြာခဲ့ပြီ။

မြစ်များ၊ ချောင်းများ လက်ယှက်ထိုးပေါများလှခြင်းကြောင့် တစ်ခေတ်တစ်ခါက သွားရေးလာရေး မလွယ်ကူခဲ့သည့် ဧရာဝတီတိုင်းအတွင်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တစ်ခုပြီးတစ်ခု အလျှိုအလျှိုပေါ်လာသော လမ်းတံတားကွန်ရက်များကြောင့် ရေကြော မြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်လာသည်နှင့်အမျှ ချောင်းသာသည်လည်း ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များနှင့်အတူ သဘာဝမပျက် လှပလျက်ရှိနေသေးသော တောရိပ်၊ တောင်ရိပ်နှင့် ပင်လယ်ကမ်းခြေအလှအပတို့ကြောင့် အပန်းဖြေခရီးတစ်ခေါက်ရောက်သွားရသူတိုင်း ကိုယ်ရောစိတ်ပါ လန်းဆန်းကြည်နူးကြရသည့် ဒေသဖြစ်သည်။

ပျော်စရာတို့ဖြင့် ပြည့်စုံနေသော ချောင်းသာတွင် တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ဖူးသေးသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

ချောင်းသာကမ်းခြေ နေဝင်ဆည်းဆာအလှ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ထင်ရှားသော ချောင်းသာကမ်းခြေ သဲသောင်ယံ၌ အပန်းဖြေရေကစားနေကြသော ရှုခင်းအလှကို ဤသို့တွေ့ရစဉ်။

ထူးခြားသည့် ညအပူချိန်များ

၁၉-၂-၂၀၁၁

ဟားခါး	သုည	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄	ဒီဂရီစင်တီဂရိတ်

ဆောမြို့နယ်၌ နွေစပါး စုပေါင်းပျိုးထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကံချောင်းကျေးရွာအုပ်စု ကံချောင်းကျေးရွာ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဦးဆောင်၍ စုပေါင်းဆန်ခါပိုက်ဖြင့် ပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် အဆိုပါကျေးရွာရှိ တောင်သူဦးချစ်အောင်၏ လယ်ကွက်၌ ကျင်းပရာ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးကွင်းဝန်ထမ်းများက ရတနာတိုးစပါးမျိုးကို ဆန်ခါပိုက်ဖြင့် ပျိုးထောင်ကြသည်။ အဆိုပါ ပျိုးထောင်နည်းသည် လယ်တစ်ဧက ကုန်ကျစရိတ်သက်သာ၍ ပျိုးသက်နုဖြင့် စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းလည်း တိုးတက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)